**ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်**
**အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)မှတ်တမ်း**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း (၁) ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**
**(အင်္ဂါနေ့)**

မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀:၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယခု အချိန်ကစပြီး ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)ကို စတင်ပါတော့မယ်။ အစည်းအဝေးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်မ ဒေါ်ဆွေဆွေထွန်းက ဆောင်ရွက်သွားမှာဖြစ်ပြီး၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစီအစဉ်(၁)အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပြီဖြစ်ပါတယ်။ (လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီရှင်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၂)အရ မွန်ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦး တက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့ (၉၆.၇၇)ရာခိုင်နှုန်း တက်ရောက်တဲ့အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။

အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၃)အရ ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ တင်ပြပေးရန်ဖြစ်ပါတယ်။

**ဦးချစ်တင်(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ)။** အားလုံး မင်္ဂလာပါ၊ လေးစားအပ်ပါသော မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကတော့ မွန်ပြည်နယ်လွှတ်တော်၊ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်တင်ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်၊ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးသည် ကျန်းမာရေးမကောင်းသေးပါသဖြင့် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)သို့ တက်ရောက်နိုင်ခြင်းမရှိပါကြောင်း မွန်ပြည်နယ်လွှတ်တော်သို့ ခွင့်ပန်ကြားထားမှု အခြေအနေအား တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ်(၃၁)ဦး၊ ခွင့်ပန်ကြားသူ(၁)ဦး၊ အစည်းအဝေးတက်ရောက်သူ(၃၀)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်အတွက် သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉) အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၀:၀၄။**

## နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၄)အရ နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ နိုင်ငံတော်သမ္မတရုံးမှ (၁၉.၆.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၁၈၆(၃)/၈/သမ္မတရုံးဖြင့် မွန်ပြည်နယ်အစိုးရ

အဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့လာပါတယ်ရှင်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)တွင် “နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲငယ်(၁)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ် ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်။” ဟု ဖော်ပြပါရှိပါသည်။ ဒါကြောင့် နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့ တင်ပြ အပ်ပါတယ်ရှင်။

**နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း**

**အခမ်းအနားမှူး။** အစီအစဉ်(၅)အရ နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ နိုင်ငံတော်သမ္မတက ဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၄၆ အရ လွှတ်တော်တွင် အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်မှ သဘောတူပါသလားရှင်.......**(၃)ကြိမ်**

**ကိုယ်စားလှယ်များ။** သဘောတူပါတယ်......**(၃)ကြိမ်**

**ဥက္ကဋ္ဌ။** လွှတ်တော်မှ သဘောတူသည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့အောက်ရှိ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်ရှင်။

## နိုင်ငံတော်သမ္မတမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၆)အရ နိုင်ငံတော်သမ္မတမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ နိုင်ငံတော်သမ္မတရုံးမှ (၁၉.၆.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၁၈၆(၁)/၈/သမ္မတရုံးဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့လာပါတယ်ရှင်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များကို အထက်မှာ ကျွန်မ ဖတ်ကြားတင်ပြပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုပါသဖြင့် မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့လာခြင်းအား လွှတ်တော်သို့ တင်ပြအပ်ပါတယ်ရှင်။

## နိုင်ငံတော်သမ္မတမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၇)အရ နိုင်ငံတော်သမ္မတမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးပို့ လာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ နိုင်ငံတော်သမ္မတက ဝန်ကြီးဌာနတစ်ခုတိုးချဲ့ဖွဲ့စည်းလိုကြောင်း သဝဏ်လွှာပေးလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၄၆ အရ လွှတ်တော်တွင် အဆုံးအဖြတ်

ရယူသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်အစိုးရအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်မှ သဘောတူပါသလားရှင်.......(၃)ကြိမ်

**ကိုယ်စားလှယ်များ။ သဘောတူပါတယ်......(၃)ကြိမ်**

**ဥက္ကဋ္ဌ။** လွှတ်တော်မှ သဘောတူသည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၀:၁၀။**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉) အောင်မြင်စွာပြီးမြောက်ကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၈)အရ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၉) အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်းဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ။** ယနေ့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၉)သို့ ဖိတ်ကြား၍တက်ရောက်သူ (၈)ဦး၊ လေ့လာသူ(၂)ဦး တက်ရောက်ခဲ့သည့် အတွက် ပြည်နယ်လွှတ်တော်မှ ကျေးဇူးတင်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်၊ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၉) အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ (ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။)အားလုံးထွက်ခွာနိုင်ပါပြီ။

××××××××××××××××××××××××××××××××××××××××××××××××××××××××××××

## ဆုံးဖြတ်ချက်များ

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)တွင် အောက်ပါဆုံးဖြတ်ချက်များကိုဆုံးဖြတ်ပါသည် -**

### သဘောတူခြင်း (၂)ရပ်

**သဘောတူခြင်းအမှတ်(၁-အရေးပေါ်/၂၀၁၉)** စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို သဘောတူခြင်း။

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)၌ နိုင်ငံတော်သမ္မတမှပေးပို့လာသည့် သဝဏ်လွှာအရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ တင်ပြသော စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်က သဘောတူသည်။**

**သဘောတူခြင်းအမှတ်(၂-အရေးပေါ်/၂၀၁၉)** လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို သဘောတူခြင်း။

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)၌ နိုင်ငံတော်သမ္မတမှ ပေးပို့လာသည့် သဝဏ်လွှာအရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ တင်ပြသော လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်က သဘောတူသည်။**

### မှတ်တမ်းတင်ခြင်း(၁)ရပ်

**မှတ်တမ်းတင်ခြင်းအမှတ်(၁-အရေးပေါ်/၂၀၁၉)** ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉) တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉)သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးအနက် (၃၀)ဦး တက်ရောက်ကြောင်းနှင့် တက်ရောက်မှု(၉၆.၇၇%)ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၉) ဆောင်ရွက်ချက်အကျဉ်းချုပ်

| စဉ် | အစည်းအဝေး ကျင်းပသည့်နေ့ | စ တင် ချိန် | ပြီးစီး ချိန် | တက် ရောက် ခွင့်ရှိသူ ဦးရေ | တက် ရောက် သူ ဦးရေ | တက် ရောက် သည့် ရာခိုင် နှုန်း | ဆုံးဖြတ် ချက်များ |
|---|---|---|---|---|---|---|---|
| ၁ | (၂.၇.၂၀၁၉) အင်္ဂါနေ့ | ၁၀:၀၀ | ၁၀:၄၅ | ၃၁ | ၃၀ | ၉၆.၇၇ | မှတ်တမ်း တင်ခြင်း(၁)ရပ် သဘောတူခြင်း (၂)ရပ် |